ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

# ရာသီပေါ်သီးနှံများကို ကာလသတ်မှတ်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်ပြုခြင်း

သတင်းလွှာ (၃/၂၀၁၉)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဧပြီလ ၂၉ ရက်

**အကြောင်းအရာ။** ရာသီပေါ်သီးနှံများကို ကာလသတ်မှတ်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်ပြုခြင်း

၁။ မြန်မာနိုင်ငံတွင် ထွက်ရှိသော သီးနှံများနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၂၆-၁၁-၁၉၉၉) ရက်စွဲပါ အမိန့်အမှတ်(၉/၉၉)ဖြင့် နယ်စပ်ဒေသများမှ တင်သွင်းခွင့်မပြုသောပစ္စည်း(၁၅)မျိုး၊ ၂၅-၂-၂၀၀၀ ရက်စွဲပါအမိန့်အမှတ်(၂/၂၀၀၀)ဖြင့် ပင်လယ်ရေကြောင်းမှ တင်သွင်းခွင့်မပြုသောပစ္စည်း(၁၄)မျိုး သတ်မှတ်ထုတ်ပြန်ထားခဲ့ပါသည်။ ထိုသို့သတ်မှတ်ထားခဲ့ရာမှ ပြည်တွင်းစားသုံးမှုလိုအပ်ချက်အရ သစ်သီးအမျိုးမျိုးအား အဆင့်ဆင့်ဖြေလျှော့ခဲ့ရာ ၉-၄-၂၀၁၉ ရက်နေ့ ကျင်းပပြုလုပ်ခဲ့သည့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၁/၂၀၁၉)ကြိမ်မြောက် အစည်းအဝေး အတည်ပြုဆုံးဖြတ်ချက်အရ ပြည်တွင်းတွင်ထွက်ရှိမှုမရှိသည့် ရာသီများ၌ အချို့သော သီးနှံများကို အောက်ပါအတိုင်း နယ်စပ်ဒေသများမှတစ်ဆင့် တင်သွင်းခွင့်ပြုကြောင်း အသိပေးထုတ်ပြန်လိုက်သည်-

| စဉ် | သီးနှံအမည် | ခွင့်ပြုကာလ | ခွင့်ပြုသည့်စခန်း |
|---|---|---|---|
| (က) | ပန်းသီး၊ သစ်တော်သီး၊ စပျစ်သီး၊ ချယ်ရီသီး၊ မန်ကျည်းချိုသီး၊ စွန်ပလွန်သီး | ရာသီမရွေး | စခန်းအားလုံး |

| စဉ် | သီးနှံအမည် | ခွင့်ပြုကာလ | ခွင့်ပြုသည့်စခန်း |
|---|---|---|---|
| (ခ) | ပျားလိမ္မော် | မတ်လ မှ စက်တင်ဘာလ ထိ | စခန်းအားလုံး |
| (ဂ) | ဒူးရင်းသီး | စက်တင်ဘာလ မှ ဧပြီလ ထိ | စခန်းအားလုံး |
| (ဃ) | ကြက်မောက်သီး | စက်တင်ဘာလမှ မတ်လ ကုန်အထိ<br>တစ်နှစ်ပတ်လုံး | မြဝတီစခန်း<br>တာချီလိတ်စခန်း |
| (င) | တယ်သီး၊ သလဲသီး | ရာသီမရွေး | စခန်းအားလုံး |
| (စ) | နဂါးမောက်သီး | ဒီဇင်ဘာလမှ မေလထိ | စခန်းအားလုံး |
| (ဆ) | ဆန်းကစ်သီး | ဖေဖော်ဝါရီလမှစက်တင်ဘာလထိ | စခန်းအားလုံး |
| (ဇ) | ခြင်းလိမ္မော်သီး<br>(လိမ္မော်သီးအသေး) | တစ်နှစ်ပတ်လုံး | စခန်းအားလုံး |
| (ဈ) | မင်းဂွတ်သီး | ဇန်နဝါရီလမှမတ်လထိနှင့်<br>အောက်တိုဘာလမှဒီဇင်ဘာလထိ၊<br>ရာသီမရွေး | စခန်းအားလုံး<br><br>တာချီလိတ်စခန်း |
| (ည) | ပိန္နဲသီး | ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလ(၂) လသာ | စခန်းအားလုံး |
| (ဋ) | လောင်ဂန်သီးနှင့် ရေငန်သီးများ | တစ်နှစ်ပတ်လုံး | စခန်းအားလုံး |
| (ဌ) | သံပယိုသီး | တစ်နှစ်ပတ်လုံး<br>ဒီဇင်ဘာ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ | တာချီလိတ်<br>ကျန်စခန်းများ |
| (ဍ) | သရက်သီး | တစ်နှစ်ပတ်လုံး<br>အောက်တိုဘာ မှ ဧပြီလထိ | တာချီလိတ်<br>ကျန်စခန်းများ |

၂။ ဖော်ပြပါရာသီပေါ်သီးနှံများ ပြည်ပမှတင်သွင်းခြင်းအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော သီးနှံများတင်သွင်းမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန၏ တင်သွင်းခွင့်ထောက်ခံချက်လက်မှတ် (Import Certificate-IC) နှင့်အတူ သွင်းကုန်လိုင်စင်လျှောက်ထားရန်ဖြစ်ပါသည်။

၃။ ရာသီပေါ်သီးနှံများကို ကာလသတ်မှတ်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်ပြုခြင်းအား ပြည်တွင်းစိုက်ပျိုးထွက်ရှိမှုပေါ်မူတည်၍ ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန